


**Volume III, Issue 37** **5 June 2023**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် | ၅ |
| ၃ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ | ၉ |
| ၄ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး | ၁၀ |
| ၅ | ဟောင်ကောင်(တရုတ်)-စီအယ်လ်အမ်ဗွီ(CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပ | ၁၁ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား အသီးသီးလက်ခံတွေ့ဆုံ | ၁၃ |
| ၇ | ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၁၄ |
| ၈ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲသို့ တက်ရောက် | ၁၅ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား | ၁၆ |
| ၁၀ | ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်၊ အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co.,Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန် | ၂၀ |
| ၁၁ | စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ယခုနှစ်အောက်တိုဘာလအတွင်း မြို့နယ်ပေါင်း ၂၀ ၌ ဆောင်ရွက်မည် | ၂၁ |
| ၁၂ | ဖိလစ်ပိုင်နိုင်ငံ၊ အင်တာနက်မှ ငွေကြေးလိမ်လည်မှုများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများအား ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ | ၂၂ |
| ၁၃ | ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ် | ၂၄ |
| ၁၄ | KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား လက်နက်ကြီး/လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက် | ၂၇ |
| ၁၅ | CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းများအား မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီး | ၂၉ |
| ၁၆ | မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတကာမှ ပေးပို့လှူဒါန်းလျက်ရှိ | ၃၀ |
| ၁၇ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက် စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် | ၃၁ |
| ၁၈ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင် | ၃၇ |
| ၁၉ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း | ၃၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေလ ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ သံရည်ကျိုအလုပ်ရုံ Melt Shop-1 ဆိုင်ရာအချက်အလက်များ၊ ၂၀၁၇ ခုနှစ်နောက်ပိုင်း စက်ရုံစီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် စက်ရုံပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရာတွင် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မိမိတို့နိုင်ငံတွင် သံနှင့် သံမဏိလိုအပ်ချက်အနေဖြင့် နှစ်စဉ်တန်ချိန် ၂ သန်း ခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရသောကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့် စက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း။
- စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop-1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊
- မိမိတို့နိုင်ငံ၏ သံနှင့် သံမဏိလိုအပ်ချက်ကို ယခုစက်ရုံနှင့် ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း။
- နောင်အနာဂတ်တွင် စက်ရုံသို့ ပို့ဆောင်မည့်ကုန်ကြမ်းများ၊ စက်ရုံမှထွက်ရှိလာသည့် သံနှင့် သံမဏိပစ္စည်းများကို လျှပ်စစ်ရထားအသုံးပြု၍ သယ်ယူပို့ဆောင်ဖြန့်ဖြူးနိုင်ရေးအတွက်လည်း ရေရှည်ကိုမျှော်တွေး၍ တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံမဏိစက်ရုံအတွင်း သံရည်





ကျိုအလုပ်ရုံ၊ Melt Shop-1 သို့ရောက်ရှိကာ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊ Melt Shop-1 ပြန်လည်စတင်ခြင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Melt shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့ပြီး Melt shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျိုလုပ်ငန်းများဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ်သံရည်ကျိုပုံလောင်းဌာနမှ ၉ မီတာအရှည်ရှိ သံမဏိလေးထောင့်တုံး(Steel Billet)များ ထုတ်လုပ်နေမှုကို တစ်ခုချင်း အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ Melt shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ်၊ မတ် ၂၄ ရက်တွင်ထုတ်လုပ်ခဲ့သည့် သံမဏိလေးထောင့်တုံး Billet ပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ စက်ရုံမှတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအတွက် သစ်သီးခြင်းကို ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Melt Shop-2 သို့ ရောက်ရှိပြီး စက်ပစ္စည်းများတပ်ဆင်နေမှု အခြေအနေများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်တွင် စတင်ထုတ်လုပ်ခဲ့သည့် သံမဏိပြားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

အဆိုပါစက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၀၄ ခုနှစ်တွင် စတင်စာချုပ်ချုပ်ဆိုအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် Malt Shop-2 အလုပ်ရုံမှ သံမဏိပြားတန်ချိန် ၂၀၀၀ ကို စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေပြီဖြစ်သော်လည်း ၂၀၁၇ ခုနှစ်၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်မှစ၍ စီမံကိန်းရပ်ဆိုင်းခဲ့ရစဉ် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ်သန်းပေါင်း ၄၀၃,၉၃၂ ဒသမ ၈၈၂ သန်းရှိပြီဖြစ်ပြီး စီမံကိန်းပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း၊ ထိုသို့စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပြီး စီမံကိန်းချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် ဆက်လက်ပေးဆပ်ခဲ့ရကြောင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ပြီး သံနှင့်သံမဏိထုတ်လုပ်ရေးစီမံကိန်းများ အောင်မြင်ပြီးစီးပါက ပြည်ပမှ သံနှင့် သံမဏိတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်ပဈေးနှုန်းထက် သက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူသည့်အချိန်တွင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင်ကျင်းပပြုလုပ်

သည့် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ သံမဏိစက်ရုံစီမံကိန်းများကို ပြန်လည်စိစစ်၍ လုပ်ငန်းများပြန်လည်စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက်တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Phase-1 (Melt Shop-1) ဆောင်ရွက်ပြီးစီး ပြီဖြစ်ပြီး Phase-1 အပြည့်အဝလုပ်ငန်းလည်ပတ်ချိန်တွင် Phase-2 (Melt Shop-2) အား လုပ်ငန်းလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**

- **မိမိတို့နိုင်ငံတွင် သံနှင့် သံမဏိလိုအပ်ချက်အနေဖြင့် နှစ်စဉ်တန်ချိန် ၂ သန်းခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရသောကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့်စက်ရုံအား ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်။**
- **စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop-1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို။**
- **သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၀ ရာခိုင်နှုန်းကျော်ရောက်ရှိနေပြီဖြစ်သော်လည်း ၂၀၁၇ ခုနှစ်၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရ။**
- **၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်မှစ၍ စီမံကိန်းရပ်ဆိုင်းခဲ့ရစဉ် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ်သန်းပေါင်း ၄၀၃,၉၃၂ ဒသမ ၈၈၂ သန်းရှိပြီဖြစ်ပြီး စီမံကိန်းပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်းရှိပြီဖြစ်။**
- **ထိုသို့စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပြီး စီမံကိန်းချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် ဆက်လက်ပေးဆပ်ခဲ့ရ။**
- **သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ပြီး သံနှင့်သံမဏိထုတ်လုပ်ရေးစီမံကိန်းများ အောင်မြင်ပြီးစီးပါက ပြည်ပမှ သံနှင့် သံမဏိတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်ပဈေးနှုန်းထက် သက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**










# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်




ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန်လ ၁ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

- (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/ နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့ကြကြောင်း။
- မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် အကြိုဗိုလ်လုပွဲ၌ အင်အားကြီး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲကို ပြန်လည်တက်လှမ်းနိုင်ခဲ့သည့်အတွက် အားကစားဝါသနာရှင်မိဘပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုပေးစွမ်းနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။
- (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူအားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈) ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇.၈ ရာခိုင်နှုန်း၊ ( ၂၉ )ကြိမ်မြောက်ပြိုင်ပွဲ၌ ၉.၆၈ ရာခိုင်နှုန်း၊ (၃၀) ကြိမ်မြောက်ပြိုင်ပွဲ၌ ၇.၆၆ ရာခိုင်နှုန်း၊ (၃၁) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၁.၅၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပြီး (၃၂) ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃.၄၃ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းအမြင့်မားဆုံး ပြိုင်ပွဲဖြစ်သည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။
- နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်





ဆောင်အားကစား မောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်ပါကြောင်း။

- ၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီယှဉ်ပြိုင်နိုင်မည့် အားကစားနည်းအရေအတွက်ရော အားကစားသမား အရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက် ပိုမိုအောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၃ ဦး၊ ခြင်းလုံးအားကစားနည်းမှ အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ဘိလိယက်/စနူကာ အားကစားနည်းမှ အမျိုးသား ၃ ဦး၊ ဝူရှူးအားကစားနည်းမှ အမျိုးသမီး ၁ ဦး၊ ရိုးရာလေ့လှော်ပြိုင်ပွဲ အားကစားအသင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား ၁ ဦး၊ အလေးမအားကစားနည်းမှ အမျိုးသမီး ၁ ဦး၊ ပီတန်းအားကစားနည်းမှ အမျိုးသမီး ၁ ဦးတို့အားလည်းကောင်း၊ အထူးဆုအဖြစ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀,၀၀၀ နှင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၅ ဦး၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ခြင်းလုံး၊ ရိုးရာလှေ၊ ဝူရှူး၊ ခွန်ခမာ၊ ဂျူဒို၊ ဘောလုံး၊ ကြက်တောင်၊ ဗိုဗီနမ်၊ ဘိလိယက်/စနူကာ၊ တိုက်ကွမ်ဒို၊ အလေးမ၊ လက်ဝှေ့၊ စစ်တုရင်၊ ပြေးခုန်ပစ်၊ ခရစ်ကတ်၊ E Sports အားကစားနည်းတို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရအားကစားသမားများကိုယ်စား ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၂ ခု ရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပါသည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသူများကို ထိုက်တန်စွာဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ရာ တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၃၀၀ ၊ ငွေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၂၀၀ ၊ ကြေးတံဆိပ်ရရှိခဲ့သူများကိုကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ကျပ်သိန်း ၁၀၀ ၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်း



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ပေးအပ်ချီးမြှင့်နေမှု**

သားတစ်ဦးလျှင် ကျပ်သိန်း ၇၀ ၊ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ကျပ် ၃၅ သိန်းနှင့် အားကစားနည်း အလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ကျပ်သိန်း ၁၀၀ ၊ ငွေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီ ပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ်စုစုပေါင်း ၃,၃၃၃ သန်းနှင့် အမေရိကန် ဒေါ်လာ ၇ သောင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၆-၂၀၂၃)**

- **(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/ နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့။**
- **နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစား ဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးဆုအဖြစ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀,၀၀၀ နှင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့။**
- **(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသူများကို ထိုက်တန်စွာဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ်စုစုပေါင်း ၃,၃၃၃ သန်းနှင့် အမေရိကန် ဒေါ်လာ ၇ သောင်းဖြစ်။**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်အပါအဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့အား မေလ ၃၁ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဧည့်ခန်းမများ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိနေခြင်းကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်နှင့် မြန်မာ-ထိုင်း နယ်နိမိတ်နယ်စပ်ဒေသတို့တွင် ဖြစ်ပေါ်နေသော Online လိမ်ညာမှု၊ လောင်းကစားမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်နှင့် တရားခံပြေးများဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းများတွင် အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည့် အခြေအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်ညှိနှိုင်းနေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ်အောင်အောင်နှင့် နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**



**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံနေမှု**

- **ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိနေခြင်းကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးခဲ့။**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့သည် ဇွန်လ ၁ ရက်နှင့် ၂ ရက်တို့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းလားမြို့၊ အရှေ့တိုင်းဧည့်ရိပ်မွန်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/MNDAA) ၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲ၌ ပါတီစုံဒီမိုကရေစီနိုင်ငံရေး စနစ်ခိုင်မာစေရေးကိစ္စ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မပြီးပြတ်သေးသောကိစ္စများအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ပြန်လည်တွေ့ဆုံ၍ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၆-၂၀၂၃)**



- **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ၍ ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့။**

## ဟောင်ကောင်(တရုတ်)-စီအယ်လ်အမ်ဗွီ(CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပ

ASEAN-Hong Kong Free Trade Agreement (AHKFTA) ၏ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဟောင်ကောင်(တရုတ်)နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်ကာလအလွန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှတစ်ဆင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန်ရည်ရွယ်၍ ဟောင်ကောင်(တရုတ်)-စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် (HKC-CLMV Online Investment Forum) ကို မေလ ၃၁ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဖိုရမ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံနှင့် ဟောင်ကောင်(တရုတ်)တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒေသများဖြစ်သည်နှင့်အညီ အခမ်းအနားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း မဟာဗျူဟာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေပြီး CLMV အဖွဲ့ဝင်နိုင်ငံများပါဝင်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

ဟောင်ကောင်(တရုတ်)၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို Video Clip များဖြင့် တင်ဆက်ပြသခဲ့ပြီး သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ တာဝန်ရှိသူများကလည်း မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်




များနှင့်ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပပြီး ဟောင်ကောင်(တရုတ်)နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို စိတ်ဝင်စားစွာဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဖိုရမ်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံရုံးများ၏ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပကုန်သည်စက်မှုအသင်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

ယခုဖိုရမ်သည် နိုင်ငံအသီးသီးမှ တက်ရောက်ကြသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးချိတ်ဆက်မှုရရှိခဲ့ကြပြီး CLMV နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**

- **ဟောင်ကောင်(တရုတ်)-စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့။**
- **အာဆီယံနှင့် ဟောင်ကောင်(တရုတ်)တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒေသများဖြစ်သည်နှင့်အညီ အခမ်းအနားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည်ဖြစ်။**
- **သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ တာဝန်ရှိသူများက မိမိတို့နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား အသီးသီးလက်ခံတွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် UNOCHA ၏ ယာယီအကြီးအကဲအား လက်ခံတွေ့ဆုံနေမှု**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂလူ သားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်း ရေးရုံး (UNOCHA) ၏ ယာယီအကြီးအကဲ Ms. Danielle Parry ကို မေလ ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများက မိုခါ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက် ထားမှုအကူအညီများပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေ ရန်နှင့် ထိရောက်မှုရှိစေရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင် ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင် အား ဇွန်လ ၂ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်တစ် လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေး အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မိုခါမုန်တိုင်း ကြောင့် မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့ပေးမှုကိစ္စများအပါအဝင် ဒေသ တွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူး ပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၆-၂၀၂၃)**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

- ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ထိရောက်မှုရှိစေရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မိုခါမုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင်ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့ပေးမှု ကိစ္စများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား ဇွန်လ ၁ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ လက်ခံတွေ့ဆုံစဉ် ၂၀၁၉ ခုနှစ်က ဆောင်ရွက်ခဲ့သည့် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ် (MoU) သက်တမ်းဆက်လက်တိုး မြှင့်ဆောင်ရွက်နိုင်ရေး၊ လူကုန်ကူးခံရမှုကြောင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် သီရိလင်္ကာနိုင်ငံသားများနှင့်ပတ်သက်၍ လုပ်ငန်းမှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီရိလင်္ကာနိုင်ငံသို့ ဘုရားဖူးသွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ဗီဇာ လွယ်ကူအဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လုပ်ငန်းမှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၆-၂၀၂၃)**



- ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား တွေ့ဆုံစဉ် သီရိလင်္ကာနိုင်ငံသို့ ဘုရားဖူးသွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ဗီဇာ လွယ်ကူအဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲသို့ တက်ရောက်

ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E.Mr. Namseok Yoo ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်မင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် “Access to Justice: Constitutional Perspectives” ခေါင်းစဉ်ဖြင့် ကျင်းပသည့် (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲသို့ မေလ ၂၉ ရက်မှ ဇွန်လ ၁ ရက်အထိ ကိုရီးယား သမ္မတနိုင်ငံ ဆိုးလ်မြို့၌ တက်ရောက်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်က “Constitutional Rights Ensuring Access to Justice” ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားတင်ပြရာတွင်-

- တရားမျှတမှုရရှိစေရေးအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေး တစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းရေးဆွဲထားကြောင်း။
- ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင်လည်း တရားမျှတမှုရရှိစေရေးနှင့်စပ်လျဉ်း၍ “နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း (Justice, Liberty and Equality) တည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ဖော်ပြထားကြောင်း”။
- ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ပေးရမည်ဟု မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားကြောင်း။
- ထိုအခွင့်အရေးများကို ချိုးဖောက်ခြင်းခံရပါက နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားခြင်းနည်းလမ်းဖြင့် ကုစားခွင့်ရရှိမည်ဖြစ်ကြောင်း စသည်ဖြင့် ဖတ်ကြားတင်ပြခဲ့။

အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ အာရှဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့




အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions: AACC) ၏ အဖွဲ့ဝင်နိုင်ငံများအနက်မှ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အခြားဖိတ်ကြားထားသည့်နိုင်ငံများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး AACC အဖွဲ့ဝင် နိုင်ငံများအကြား တရားမျှတမှုရရှိစေရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုထောင့်အမြင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၆-၂၀၂၃)**

- **အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ အာရှဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions: AACC) ၏ အဖွဲ့ဝင်နိုင်ငံများအနက်မှ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အခြားဖိတ်ကြားထားသည့်နိုင်ငံများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး AACC အဖွဲ့ဝင်နိုင်ငံများအကြား တရားမျှတမှုရရှိစေရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုထောင့်အမြင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

## ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက်သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိရာ နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆,၂၂၉,၃၃၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထား



**နေပြည်တော်ကောင်စီနယ်မြေ**

ခြင်း၊ စာသင်ချိန်များအား စနစ်တကျစီမံထားခြင်း၊ ကျောင်းကြို/ ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများဥပမိရပ်ကောင်းမွန်စေရေးစသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြပါသည်။

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်မှူးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီးအားပေးစကားများပြောကြားခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၆-၂၀၂၃)**

- **၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက်သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိရာ နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆,၂၂၉,၃၃၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ။**

## ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











## ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











# ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်၊ အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co.,Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ Pioneer Manufacturing(Thailand)Co.,Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ ထိုင်းအလုပ်အကိုင်ဌာနနှင့် အယုဒ္ဓယနယ်မြေ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးရုံးတို့ထံ ဆက်သွယ်စုံစမ်းခဲ့ရာ အဆိုပါအလုပ်သမားများတွင် မြန်မာအလုပ်သမားများ မပါဝင်ကြောင်းနှင့် စက်ရုံတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုသည် မှန်ကန်မှုမရှိကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းမှန်ထုတ်ပြန်ထားပါသည်။

## သတင်းထုတ်ပြန်ချက်

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ ထိုင်းနိုင်ငံ၊ အယုဒ္ဓယခရိုင်၊ အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co., Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် မှန်ကန်မှု ရှိ/မရှိ စိစစ်၍ အလုပ်သမားများ၏ ရပိုင်ခွင့်များရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၄-၅-၂၀၂၃ ရက် VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ "ထိုင်းနိုင်ငံ၊ အယုဒ္ဓယ အူထိုင်းမြို့နယ်တွင် မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်း Pioneer Manufacturing (Thailand) Co., Ltd က ကြေညာပြီး နစ်နာကြေးအဖြစ် စုစုပေါင်းဘတ် ၉၇ သန်းနီးပါးပေးခဲ့ပေမယ့် ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာ ဆူချတ်ချွမ်ကလင်က ဒါဟာလုပ်ထုံးလုပ်နည်းနှင့် ညီ/မညီ စစ်ဆေးရန်နှင့် အလုပ်လက်မဲ့ဖြစ်နေသူများအတွက် လူမှုဖူလုံရေး ခံစားခွင့်ရရှိရန်အတွက် နယ်မြေတာဝန်ရှိသူတွေကို ကူညီဖို့ညွှန်ကြားထားကြောင်း" သတင်းဖော်ပြခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိ ရုံးမှ ထိုင်းအလုပ်အကိုင်ဌာနနှင့် အယုဒ္ဓယနယ်မြေ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးရုံးတို့ထံ ဆက်သွယ်စုံစမ်းခဲ့ရာ အောက်ပါအတိုင်း စုံစမ်းသိရှိရသည်-

(က) Pioneer Manufacturing (Thailand) Co., Ltd သည် ကားအတွင်းပိုင်း အသံပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းအပိုထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပြီး လုပ်သား ဦးရေ ၁,၅၄၉ ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊

(ခ) စက်ရုံ၌ အမှာစာကျဆင်းမှုကြောင့် အလုပ်သမား ၄၁၆ ဦးအား ၁၉-၅-၂၀၂၃ ရက်တွင် အလုပ်မှ ရပ်စဲခဲ့ကြောင်းနှင့် အလုပ်မှ ရပ်စဲခံရသည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ ပါဝင်ခြင်းမရှိဘဲ ထိုင်းအလုပ်သမားများသာဖြစ်ကြောင်း၊

အထက်ပါစုံစမ်းသိရှိမှုနှင့်စပ်လျဉ်း၍ တိကျမှန်ကန်စေရေးအတွက် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ အလုပ်သမားသံအရာရှိသည် ၂၆-၅-၂၀၂၃ ရက်တွင် အယုဒ္ဓယခရိုင်၊ အလုပ်အကိုင်ဌာန၊ အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အဆိုပါ Pioneer Manufacturing (Thailand) Co., Ltd မှ အမှာစာကျဆင်းမှုကြောင့် အလုပ်ရပ်စဲခဲ့သည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ မပါဝင်ကြောင်းနှင့် စက်ရုံတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်နေခြင်းမရှိကြောင်း၊ ဂျပန်လူမျိုးအလုပ်သမားခေါင်းဆောင်များနှင့် ထိုင်းအလုပ်သမားများသာ စက်ရုံ၌လုပ်ကိုင်လျက်ရှိကြောင်း၊ အလုပ်ရပ်စဲသည့် ထိုင်းအလုပ်သမားများအတွက် အလုပ်သမားဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ Pioneer Manufacturing (Thailand) Co., Ltd မှ မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုသည် မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**

- **အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ Pioneer Manufacturing (Thailand) Co., Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် မှန်ကန်မှု ရှိ/မရှိ စိစစ်ခဲ့ရာ-**
  - **Pioneer Manufacturing (Thailand) Co., Ltd သည် ကားအတွင်းပိုင်း အသံပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်း အပိုထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပြီး လုပ်သားဦးရေ ၁,၅၄၉ ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိ။**
  - **စက်ရုံ၌ အမှာစာကျဆင်းမှုကြောင့် အလုပ်သမား ၄၁၆ ဦးအား ၁၉-၅-၂၀၂၃ ရက်တွင် အလုပ်မှ ရပ်စဲခဲ့ ကြောင်းနှင့် အဆိုပါ ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ ပါဝင်ခြင်းမရှိဘဲ ထိုင်းအလုပ်သမားများသာဖြစ်။**
  - **အထက်ပါစုံစမ်းသိရှိမှုနှင့်စပ်လျဉ်း၍ Pioneer Manufacturing (Thailand) Co., Ltd မှ မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုသည် မှန်ကန်မှုမရှိ။**

## စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ယခုနှစ် အောက်တိုဘာလအတွင်း မြို့နယ်ပေါင်း ၂၀ ၌ ဆောင်ရွက်မည်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း(၂၀)၌ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပြီး (၁၀)နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ထပ်မံကောက်ယူရန် စီမံချက်ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာ၌ အသုံးပြုမည့် မေးခွန်းပုံစံများနှင့် လုပ်နည်းလုပ်ဟန်များအပေါ် ကြုံတွေ့လာနိုင်သည့်အခက်အခဲများအား သိရှိနိုင်ရန်အတွက် မြို့နယ်ပေါင်း(၂၀)ရှိ စာရင်းကောက်ကွက်(၁၀၀)ကို သတ်မှတ်ကာ ယခုနှစ် အောက်တိုဘာ(၁)ရက်တွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကောက်ယူရာတွင် ၂၀၂၄ ခုနှစ်၌ ကောက်ယူရာတွင် အသုံးပြုမည့် ခေတ်မီနည်းပညာဖြစ်သည့် (Computer Assisted Personnel Interviewing-CAPI) နည်းစနစ်အသုံးပြုကာ Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံအား စီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၃)**



- **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း(၂၀)၌ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်။**

# ဖိလစ်ပိုင်နိုင်ငံ၊ အင်တာနက်မှ ငွေကြေးလိမ်လည်မှုများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများအား ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့

ဖိလစ်ပိုင်နိုင်ငံ၊ ပမ်ပန်ဂါပြည်နယ်၊ မာဘာလာကတ်မြို့ရှိ Clark Sun Valley Hub တွင် ပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်ရဲအဖွဲ့မှ စစ်ဆင်ရေးပြုလုပ်ကာ ကယ်ထုတ်ခဲ့ရာတွင် နိုင်ငံပေါင်းစုံမှ နိုင်ငံသား ၁,၀၉၀ ဦး ခန့်တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦး ပါဝင်ခဲ့သည့်သတင်းကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်စာဖြင့် မြန်မာသံရုံးသို့ ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

အထက်ပါမြန်မာနိုင်ငံသားများ ပါဝင်နေသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ကောင်စစ်အရာရှိတို့မှ သွားရောက်တွေ့ဆုံခဲ့ရာ အင်တာနက်ငွေကြေးလိမ်လည်မှု (Online Scam) တွင် လူကုန်ကူးခံရ၍ ကယ်တင်ခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးနှင့်တွေ့ဆုံ စိစစ်မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး ပထမအသုတ်အဖြစ် ၂၀ ဦးသည် မြန်မာနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကကြိုဆို၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်မှုနှင့် လူကုန်ကူးခံရသည့် အခြေအနေများကို စိစစ်မေးမြန်း၍ သိရှိရသည်မှာ-

- ပထမအသုတ်ရောက်ရှိလာသူ ၂၀ ဦးတွင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁၅ ဦး တို့ဖြစ်ပြီး ၎င်းတို့အားလုံးသည် အသက် ၂၂ နှစ်မှ ၃၃ နှစ်အကြားရှိ လူငယ်များဖြစ်ကြောင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်သူများဖြစ်ကြောင်း။
- အဆိုပါ မြန်မာလူငယ် ၂၀ ဦးသည် Facebook တွင် ကြော်ငြာထားသည့် Leap Group Co., Ltd. နှင့် Colorful Group Co.,Ltd. တို့၏ Website မှ တစ်လလျှင် လစာ ပီဆို ၃၀,၀၀၀ မှ ၇၀,၀၀၀ အထိလည်းကောင်း၊ တရုတ်ယွမ်ငွေ ၄,၀၀၀ မှ ၈,၀၀၀ အထိလည်းကောင်း၊ အရည်အချင်းအပေါ်မူတည်၍ရရှိမည်ဟု အလုပ်ခေါ်ယူသည့် ကြော်ငြာစာများတွေ့ရှိသဖြင့် Online မှ လျှောက်ထားခဲ့ကြောင်း၊ Online Interview ဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို စစ်ဆေးခံရပြီး အောင်မြင်သဖြင့် အလုပ်ခေါ်စာနှင့် လေယာဉ်လက်မှတ်ကို Online မှ ပေးပို့သဖြင့် ရရှိခဲ့ကြကြောင်း။



- ၎င်းတို့ရရှိသည့် လေယာဉ်လက်မှတ်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ရာ လေဆိပ်တွင် အမည်မသိသူများမှ လာရောက်ကြိုဆိုပြီး Clark Angeles မြို့ရှိ ကုမ္ပဏီရုံးဝင်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီဝင်းတွင် စားသောက်ရန်နှင့် နေထိုင်ရန်နေရာပေးထားကြောင်း၊ ၂/ ၃ ရက်ခန့် စမတ်ဖုန်းနှင့် ကွန်ပျူတာတို့မှ Online အသုံးပြုလိမ်လည်သည့်နည်းလမ်းများကို သင်ကြားပေးကြောင်း။
- ထို့နောက် ကွန်ပျူတာနှင့် စမတ်ဖုန်းများအသုံးပြုကာ အင်တာနက်မှဆက်သွယ် ရှာဖွေ၍ ချိတ်ဆက်လာသူများကို ဆွဲဆောင်စည်းရုံး၍ လောင်းကစားပြုလုပ်ရန်နှင့် ငွေကြေးလိမ်လည်သည့် နည်းစနစ်များအတိုင်း အလုပ်လုပ်ရကြောင်း၊ အလုပ်ချိန်မှာ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ၁၂ နာရီ လုပ်ကိုင်ရကြောင်း၊ Online မှ လိမ်လည်စည်းရုံးခေါ်ယူသည့်လူမရလျှင် အချိန်ပို ၂ နာရီမှ ၃ နာရီအထိ နေ့စဉ်ထပ်မံအလုပ်ဆင်းရကြောင်း။
- လုပ်ခလစာကို ပထမလတွင်သတ်မှတ်ထားသည့်အတိုင်း ရှင်းပေးသော်လည်း နောက်လများတွင်သတ်မှတ်ထားသည့် စည်းကမ်းများမလိုက်နာခြင်း၊ အလုပ်တာဝန်ပျက်ကွက်ခြင်း၊ Online လိမ်လည်သည့်အလုပ်မှ လူမရခြင်းတို့အပေါ် မူတည်၍ ငွေကြေးဖြတ်တောက်မှုများပြုလုပ်ကြောင်း၊ အချို့မှာ လစာလုံးဝမရရှိကြောင်း။
- ၎င်းတို့ကုမ္ပဏီတွင် Online လိမ်လည်သည့်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေသူ ၁,၀၀၀ ကျော်ခန့်ရှိကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် ၁ ရက်သာ အလုပ်နားခွင့်ပေးပြီး အပြင်ထွက်လိုလျှင် ကြိုတင်တင်ပြရပြီး ခွင့်ပြုမှ သွားလာခွင့်ရှိကြောင်း။
- နေ့စဉ်နိုင်ငံတကာမှ အင်တာနက်မှဆက်သွယ်လာသည့် အလုပ်အကိုင်ရှာဖွေသူများ၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးကိစ္စများတွင် ဆွဲဆောင်စည်းရုံး၍ လိမ်ညာပြီး ငွေကြေးရယူခြင်း၊ ဘဏ်အကောင့်များမှ လိမ်လည်လွှဲပြောင်းရယူခြင်းတို့ကို ဆောင်ရွက်ရကြောင်း။

အထက်ဖော်ပြပါ Online မှ ငွေကြေးလိမ်လည်ရယူမှုများကို အာရှဒေသရှိ နိုင်ငံအများစုတွင် ကျူးလွန်လျက်ရှိကြောင်း၊ Facebook , Twitter , Instagram တို့တွင် ကုမ္ပဏီကြီးများ ဟန်ဆောင်၍ ကြော်ငြာများဖြင့် လစာကောင်းကောင်းပေးမည်ဟု ဆွဲဆောင်ကာ လူသစ်များခေါ်ယူခြင်း၊ လုပ်ငန်းခွင်သို့ရောက်ရှိသည့်အခါ သတ်မှတ်လစာနှုန်းထားမပေးတော့ဘဲ တစ်ရက်လျှင် ၁၄ နာရီခန့် အလုပ်စေခိုင်းပြီး အကြပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ကြောင်း၊ ဘဏ်ကတ်နှင့် ဘဏ်အကောင့်များမှ လိမ်လည်၍ငွေထုတ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

ယခု ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦးတို့သည် မြန်မာနိုင်ငံသံရုံးနှင့် တာဝန်ရှိသူများ၏ အချိန်မီသိရှိ ဆက်သွယ်ဆောင်ရွက်ပေးနိုင်မှုကြောင့် အရေးယူခြင်းမခံရဘဲ လုံခြုံစိတ်ချစွာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် Online မှ အလုပ်လျှောက်ထားလုပ်ကိုင်မည့် မြန်မာနိုင်ငံသားလူငယ်များနှင့် မိဘပြည်သူများအနေဖြင့် ကုမ္ပဏီအတုအယောင်များနှင့် ဥပဒေနှင့်မညီသော လိမ်ညာမှုလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်းမရှိစေရေး အထူးသတိပြုဆောင်ရွက်ကြပါရန် အသိပေး၊ သတိပေး သတင်းထုတ်ပြန်အပ်ထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**

- ဖိလစ်ပိုင်ရဲအဖွဲ့မှ လူကုန်ကူးမှုတိုက်ဖျက်ရေးစစ်ဆင်ရေး ပြုလုပ်ကာ ကယ်ထုတ်ခဲ့ရာတွင် နိုင်ငံပေါင်းစုံမှ နိုင်ငံသား ၁,၀၉၀ ဦးခန့်တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသား လူငယ်များ ၃၉ ဦး ပါဝင်ခဲ့။
- ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦးတို့သည် မြန်မာနိုင်ငံ သံရုံးနှင့် တာဝန်ရှိသူများ၏ အချိန်မီသိရှိဆက်သွယ်ဆောင်ရွက်ပေးနိုင်မှုကြောင့် အရေးယူခြင်းမခံရဘဲ လုံခြုံစိတ်ချစွာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့။
- ပြည်ပနိုင်ငံများတွင် Online မှ အလုပ်လျှောက်ထားလုပ်ကိုင်မည့် မြန်မာနိုင်ငံသားလူငယ်များနှင့် မိဘပြည်သူများ အနေဖြင့် ကုမ္ပဏီအတုအယောင်များနှင့် ဥပဒေနှင့်မညီသော လိမ်ညာမှုလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်း မရှိစေရေး အထူးသတိပြုဆောင်ရွက်ကြရန်လို။

## ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်



**PDF အကြမ်းဖက်သမားတစ်ဦး၏ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရသည့် ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်**

မေလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး (ခ) လီလီနိုင်ကျော်၊ အသက် (၅၈) နှစ် သရုပ်ဆောင်/ အဆိုတော်အား PDF အကြမ်းဖက်အမျိုးသား ၁ ဦးမှ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးခြင်းမရှိသည့် ရဟန်းသံဃာများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ အေးချမ်းစွာ အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦးအား ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် အကြောင်းပြချက်တစ်ခုဖြင့် အပြစ်မဲ့အမျိုးသမီးတစ်ဦးအပေါ် အကြောင်းမဲ့လူမဆန်စွာ ပစ်ခတ်အကြမ်းဖက်ခဲ့ခြင်းသည် ယုတ်မာရက်စက်၍ သူရဲဘောကြောင်သည့် လုပ်ရပ်ပင်ဖြစ်ပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးကို အပြင်းအထန်

## ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုအား အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ**

**ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ဒေါ်လီလီနိုင်ကျော်(တေးသံရှင်) ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေထိုင်သူကို မေလ ၃၀ ရက်နေ့ ည ၇ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG ၊ CRPH ၊ NLD လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့်မသက်ဆိုင်သော ပြည်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ NUG ၊ CRPH တို့မှ အခကြေးငွေပေး၍ လုပ်ကြံစေခိုင်းခြင်းနှင့် လူသားမဆန်သော စစ်ရာဇဝတ်မှု ကျူးလွန်ခြင်း လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုံ့ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

PINNAYGONE YAKHINE JAAME MOSQUE

No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ မှ သဘောထားထုတ်ပြန်ချက်
(၃၁.၅.၂၀၂၃)

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ မှ သဘောထားထုတ်ပြန်ချက်**
**(၃၁.၅.၂၀၂၃)**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

ဒဏ်ရာရရှိသည်အထိ လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ UNITED ပရဟိတအသင်း၊ ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ပြီး အဆိုပါအကြမ်းဖက်မှုကျူးလွန်ခဲ့သူနှင့် စေခိုင်းသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၆-၂၀၂၃)**

- **ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ အဆိုပါအမျိုးသမီးတွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိ။**
- **လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးအား အပြင်းအထန်ဒဏ်ရာရရှိသည်အထိ လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် အဖွဲ့အစည်း ၁၄ ခုမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ထားရှိ။**

# ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်အား PDF အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုအား အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ

MYANMAR ARTISTS ORGANIZATION CENTRAL

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉၀၀ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏ အုပ်ချုပ်မှု ယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ် တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

---

**မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး**
**အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများစသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

---

UNITED ပရဟိတအသင်း

Penthouse Level, 351, 354, Kan Taung Quarter,
Theinphyu Road, Mingalartaung Nyunt Tsp., Yangon.
Tel : 09-945155855

**UNITED ပရဟိအသင်း**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ UNITED ပရဟိတအသင်း က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**UNITED ပရဟိတအသင်း**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
အမှတ်(၁၈၄)၊ (၃)လွှာ၊ ဗိုလ်ထွန်းပေါက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်း မြေ့ဖွယ်သိရှိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

---

သဘင်

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉၀၀ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏ အုပ်ချုပ်မှု ယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ် တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်
( သာသနာရေးဝန်ကြီးဌာနမှ မှတ်ပုံတင်ထားသော အဖွဲ့ချုပ် )
အမှတ် ၃၈၇-၃၉၅(ပထမထပ်)၊ အခန်းအမှတ်-A2၊ ဗိုလ်အောင်ကျော်လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏
သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော် သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာရှုတ်ချပါကြောင်း၊ သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

# KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား လက်နက်ကြီး/လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်



**KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများ**

ဇွန်လ ၂ ရက်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ အမှတ်(၆)ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ ရပ်ကွက်အတွင်းမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၁ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ ၃ ဦးသေဆုံးကာ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခင်ကလည်း PDF အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် လူနေအဆောက်အဦများအား လက်လုပ်စိန်ပြောင်းများဖြင့် မဆင်မခြင်ပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ ဗုံးကြဲချခြင်းများ လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူအချို့ သေဆုံး/ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်အများအပြားရှိပါသည်။

အဆိုပါ အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၆-၂၀၂၃)**

- **ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချ မှုကြောင့် သံဃာတော် ၁ ပါးနှင့် အပြစ်မဲ့ပြည်သူ ၃ ဦး သေဆုံးပြီး ၃ ဦး ဒဏ်ရာ ရရှိခဲ့။**

## KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား လက်နက်ကြီး/လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရ/သေဆုံးခဲ့သည့် အပြစ်မဲ့ ရဟန်းရှင်လူပြည်သူများ



သေဆုံးခဲ့ရသည့် သံဃာတော်တစ်ပါးနှင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများ



ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများ

# CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းများအား မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီး





**PDF အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ) ကျောင်းဝင်းပေါက်အနီး၌ လက်လုပ်ရီမှုမိုင်း ၂ လုံးဖြင့် ဖောက်ခွဲခဲ့မှု**

NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား မီးရှို့ဖျက်ဆီးခြင်းများအပြင် အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ခြိမ်းခြောက်စာများ ရေးသားခြင်းနှင့် ဆရာ၊ ဆရာမများထံသို့ ခြိမ်းခြောက်စာများ ပေးပို့ခြင်းများဖြင့် ပညာရေးကဏ္ဍအပေါ် နည်းမျိုးစုံအသုံးပြု၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ-

- ဇွန်လ ၂ ရက်တွင် CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ) တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေရန် ကျောင်းဝင်းပေါက်အနီး၌ လက်လုပ်ရီမှုမိုင်း ၂ လုံးဖြင့် ဖောက်ခွဲခဲ့။
- ဇွန်လ ၃ ရက်တွင် PDF အကြမ်းဖက်သမားများက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ ညောင်ကုန်းအမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါကျောင်းဝန်းအတွင်းရှိ ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့။

ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခဲ့သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၆-၂၀၂၃)**

- **CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ)အား အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေရန် ကျောင်းဝင်းပေါက်အနီး၌ လက်လုပ်ရီမှုမိုင်း ၂ လုံးဖြင့် ဖောက်ခွဲခဲ့။**
- **PDF အကြမ်းဖက်သမားများက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ ညောင်ကုန်းအမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့။**





**ဖယ်ခုံမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းကို KNPP/PDF အကြမ်းဖက်များက မီးရှို့ဖျက်ဆီးခဲ့မှု**

## မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတကာမှ ပေးပို့လှူဒါန်းလျက်ရှိ




**အာဆီယံနိုင်ငံများမှ စတုတ္ထအသုတ်ပေးပို့သည့် အရေးပေါ်အကူအညီပစ္စည်းများ**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ဒေသများရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးပို့လျက်ရှိပါသည်-

- ဇွန်လ ၁ ရက်တွင် အာဆီယံနိုင်ငံများမှ စတုတ္ထအသုတ်ပေးပို့သည့် အမေရိကန် ဒေါ်လာ ၇၂,၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်အကူအညီပစ္စည်းများ တန်ချိန်စုစုပေါင်း ၁၉ တန်ကျော် သယ်ဆောင်လာသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့။
- ဇွန်လ ၃ ရက်တွင် ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရား၊ ထိုင်းနိုင်ငံအစိုးရ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၊ ထိုင်းပုဂ္ဂလိကကဏ္ဍနှင့် ထိုင်းပြည်သူများမှ မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများအား ထိုင်းနိုင်ငံသံအမတ်ကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းထံ ပေးအပ်ခဲ့။

အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများပံ့ပိုးရာတွင် ဘေးသင့်ပြည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဝန်ကြီးဌာန




**ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရားနှင့် ထိုင်းပြည်သူများမှ မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများ**

အသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် AHA Centre ၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၃)**

- **အာဆီယံနိုင်ငံများမှ စတုတ္ထအသုတ်ပေးပို့သည့် အမေရိကန်ဒေါ်လာ ၇၂,၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်အကူအညီပစ္စည်းများ တန်ချိန်စုစုပေါင်း ၁၉ တန်ကျော် သယ်ဆောင်လာသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့။**
- **ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွက် လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများအား ထိုင်းနိုင်ငံသံအမတ်ကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့။**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

- မေလ ၁၁ ရက်မှ ဇွန်လ ၃ ရက်အထိ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မိုခါမုန်တိုင်းဒဏ်ကြောင့် ပြည်တော်သာ (စစ်တွေ) -ရေချမ်းပြင် ရထားလမ်းပိုင်းအတွင်းရှိဘူတာများ၊ ဝန်ထမ်းနေအိမ်နှင့် မြန်မာ့မီးရထားပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စစ်တွေမြို့အတွင်း ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချ



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အသုံးပြုမည့် စက်ယန္တရားများကို ကြည့်ရှုနေမှု**

နေမှု၊ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးနေမှုနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်များ ထောက်ပံ့ဖြန့်ခွဲပေးနေမှု၊ စစ်တွေမြို့ ကမ်းနားလမ်းရှိ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းနှင့် ကျောက်စီမြေထိန်းနံရံများ ပျက်စီးနေမှုအား ပြန်လည်ပြုပြင်ရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့။

- မေလ ၃၁ ရက်မှ ဇွန်လ ၄ ရက်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် စစ်တွေ၊ မင်းပြား၊ မြောက်ဦး၊ ဘူးသီးတောင် တပ်နယ်တို့၌ စစ်မှုထမ်းဟောင်းအိမ်ရာဝင်းအတွင်း မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် အိမ်ခန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် လှူသုံးကုန်ပစ္စည်းများ၊ မုန်တိုင်းသင့်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသောအဖွဲ့များအား ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းခဲ့။
- မေလ ၃၁ ရက်မှ ဇွန်လ ၃ ရက်အထိ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊ ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဟားခါးမြို့သို့ရောက်ရှိနေသော ဒုတိယဗိုလ် ချုပ်ကြီးမင်းနိုင်၊ မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် မြေပုံမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ကျော်ကျော်စိုးတို့သည် သောက်သုံးရေဖြန့်ဝေပေးနေမှု၊ ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနေမှု၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ပညာရေးအဆောက်အဦများ၊ လူနေအိမ်အဆောက်အဦများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များဆောင်ရွက်ပေးခဲ့။
- မေလ ၃၁ ရက်မှ ဇွန်လ ၄ ရက်အထိ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်ဖြူ၊ ကျောက်တော်၊ ရသေ့တောင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့များသို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများ၊ လမ်းဘေးဘယ်/ညာ၌ လဲကျနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ သောက်သုံးရေသန့်နှင့် စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးခြင်း၊ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့မှလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။
- သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရွေ့လျားရေသန့်ကားများကို စစ်တွေမြို့နယ်တွင် သုံးစီး၊ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြားမြို့နယ်တွင် တစ်စီး ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံရောက်ရှိလာမည့် ရွေ့လျား ရေသန့်ကားသုံးစီးကိုလည်း ကျောက်တော်၊ ပုဏ္ဏား



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရေချမ်းပြင်ဆိပ်ကမ်း၌ တပ်မတော်ကမ်းထိုးယာဉ်များပေါ်သို့ ဘက်စုံသုံးထွန်စက်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးနေစဉ်**

ကျွန်းနှင့် မြောက်ဦးမြို့နယ်တို့သို့ အမြန်ဆုံးပေးပို့သွားမည်ဖြစ်။

- နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ကျောင်းများကို အချိန်မီဖွင့်လှစ်နိုင်ရန် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ အခြေခံပညာကျောင်းများအားလုံး ဇွန်လ ၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မေ ၂၁ ရက်မှ မေ ၃၀ ရက်အထိ ကျောက်တော်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ပေါက်တော၊ မြေပုံ၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၄ ရွာနှင့် တပ်ရင်းတပ်ဖွဲ့ ၆ ခုမှ ကျွဲ၊ နွား ၃၁၅၈ ကောင်၊ ဝက် ၆၀ ကောင်ကို ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့် နာမကျန်းဖြစ်ပွားသည့် ကျွဲ၊ နွား ၃၂၇ ကောင်၊ ဝက် ၆၇ ကောင်နှင့် ဆိတ် ၁၀ ကောင်တို့ကို ဆေးကုသမှုပေးခြင်းများ ဆောင် ရွက်ပေးနိုင်ခဲ့။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ မြင်းကောင်ရေ ၅၀ ရှိ နယူးဟော်လန် ထွန်စက် ၃၃ စီး၊ ၆ သွားထယ် ၃၃ လက်၊ ခါးစက်ထွန် ၃၃ လက်ကို စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ပြီး ရသေ့တောင်မြို့နယ်သို့ ၁၉ စုံ၊ စစ်တွေမြို့နယ်တွင် ၁၄ စုံ ထားရှိ၍ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ကူညီထွန်ယက်ပေးသွားမည်ဖြစ်။
- အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများပါဝင်သော ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit-MMU) တစ်စီးဖြင့် ဇွန်လ ၃ ရက်မှစတင်၍ စစ်တွေမြို့နှင့် ပတ်ဝန်းကျင်ဒေသမှပြည်သူများ၊ အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်။
- ဇွန်လ ၄ ရက်တွင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့၊ ရေချမ်းပြင်ဆိပ်ကမ်း၌ ဘက်စုံသုံးထွန်စက် ၁၄ စီးကို ရသေ့တောင်မြို့နယ်သို့ ပို့ဆောင်ရန် တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်နေမှု၊ မုန်စီရွာသွားလမ်းပေါ်ရှိ ယာယီဘေလီသံပေါင်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့။
- မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ မေလ ၁၆ ရက်မှ ဇွန်လ ၃ ရက်အထိ ပြည်သူ့ဆေးရုံကြီးများ၌ ပြင်ပလူနာ ၁၀,၆၁၀ ဦး၊ အတွင်းလူနာ ၂၀,၂၀၉ ဦးနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ပြသသည့်လူနာ ၅၁,၃၃၇ ဦးတို့ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး အထူးကုဆေးအဖွဲ့များ စေ



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် မုန်တိုင်းသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးဝေနေမှု**

လွှတ်၍ ကွင်းဆင်းကုသပေးနိုင်ခဲ့သည့် လူနာဦးရေမှာစုစုပေါင်း ၅,၂၆၅ ဦးရှိပြီဖြစ်။

- ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရေငန်တား တာ ၄ ခုကို စိုက်ပျိုးရာသီမတိုင်မီ ပြီးစီးရေးအတွက် စက်ယန္တရားများ အသုံးပြုကာ မေလ ၂၁ ရက်မှစတင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်။

ထိုသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၆-၂၀၂၃)**

- **ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်ဒေသများသို့ တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိ။**
- **အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပါဝင်သော ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit-MMU) တစ်စီးဖြင့် ဇွန်လ ၃ ရက်မှစတင်၍ စစ်တွေမြို့နှင့် ပတ်ဝန်းကျင်ဒေသမှ ပြည်သူများ၊ အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်။**
- **ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရေငန်တား တာ ၄ ခုကို စိုက်ပျိုးရာသီမတိုင်မီ ပြီးစီးရေးအတွက် စက်ယန္တရားများ အသုံးပြုကာ မေလ ၂၁ ရက်မှစတင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်။**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်နေမှုတို့အား ကြည့်ရှုအားပေးနေမှု



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက သောက်သုံးရေပေးဝေနေမှု

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ်
ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**











# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်



မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများအား တပ်မတော်လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပါသည်။

မေလ ၃၁ ရက်တွင် တပ်မတော်(ရေ)မှ ၂၉ မီတာကမ်းထိုး ရေယာဉ်တစ်စီးသည် ရေသန့်ကဒ်များ၊ ဒီဇယ်နှင့် ဓာတ်ဆီများ၊ တာပေါ်လင်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးပစ္စည်းပုံးများ၊ မိုးကာလိတ်များ၊ စားသောက်ကုန်များနှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၃၄ တန်တို့အား ရေချမ်းပြင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့ပါသည်။

ဇွန်လ ၁ ရက်မှ ၃ ရက်ထိ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ စာသင်ကျောင်းများအတွက် ကျောင်းစိမ်းဝတ်စုံများ၊ ကျောင်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် လှူဖွယ်ပစ္စည်းများ၊ ဆန်အိတ်များ၊ အခြေခံစားကုန်ဟင်းသီးဟင်းရွက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကယ်ဆယ်ရေးပစ္စည်းများကိုတင်ဆောင်၍ တပ်မတော်(လေ)ရှိ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)ရှိ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၄၇ ဒသမ ၂ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃,၁၃၄ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော် လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၆-၂၀၂၃)**

## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်လေယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် လေယာဉ်/ ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ။
- ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၄၇ ဒသမ ၂ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃,၁၃၄ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း




ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများအား ပေးအပ်လှူဒါန်းလျက်ရှိရာ မေလ ၃၀ ရက်မှ ဇွန်လ ၄ ရက်ထိ-

- နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူ အဓိပတိဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ရခိုင်ပြည်နယ်လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ် ၁၀၀၀၀ ချပ်ကို ပေးအပ်လှူဒါန်းခဲ့။
- မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ တာဝန်ရှိသူများက မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့။
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားစေတနာရှင်အလှူရှင်များ၊ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၃,၅၁၉ သိန်း ၆ သောင်းနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် အကာအကွယ်ဝတ်စုံ၊ ခွဲစိတ်သုံးဝတ်စုံ၊ ဆေးရုံသုံးဦးထုပ် စသည့် ပစ္စည်း ၁၆ မျိုးတို့ကို ပေးအပ်လှူဒါန်းခဲ့။
- ရခိုင်ပြည်နယ်မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူရှင် Myo Naing-Nine Group Co.,Ltd (Yangon) မှ အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့။
- မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ငပလီဟိုတယ်လုပ်ငန်း ရှင်များက အလှူငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လက်ခံရယူခဲ့။

အလှူရှင်များ၏ လှူဒါန်းမှုနှင့်အတူ တပ်မတော်သားများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကလည်း မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများအား ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးအသီးသီးရှိ မုန်တိုင်းဒဏ်သင့်မြို့နှင့် ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၆-၂၀၂၃)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိ။